**အကောက်ခွန်ဦးစီးဌာန၏ (၁၅-၈-၂၀၁၇) မှ (၂၁-၈-၂၀၁၇) အတွင်းခနဝ့ ်မှန်းတန်ဖိုး ကျပ် (၄၁၂.၃၄၄) သန်းခနဝ့ ်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး/ ဖမ်းဆီးရမိခြင်း**

၁။ အကောက်ခွန်ဦးစီးဌာန၏ လေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျှက်ရှိရာ ဩဂုတ်လ (၈) ရက်နေ့မှ (၁၄) ရက်နေ့အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှုမှာ (၅၈) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၄၁၂.၃၄၄) သန်းခန့်ဖြစ် ပါသည်။

**(က) လေဆိပ်**

လေဆိပ်တားဆီးမှုအနေဖြင့် (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးမှာကျပ် (၁၁.၇၄၂) သန်းခန့်ရှိသည့်အနက် ၁၆-၈-၂၀၁၇ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စင်္ကာပူနိုင်ငံ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် စင်္ကာပူနိုင်ငံသားခရီးသည်ထံမှ Wire Binder 23 Loops (516) Nos, Insert CNMG 160404 PE 4025 (150) Nos, Insert CAMPT 1603 PDER for shell end mill 100 (500) Nos, Insert CNMG 20404 PF 4025 (20) Nos ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၈.၅၄၀) သန်းခန့်အားတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

**(ခ) ဆိပ်ကမ်း**

ဆိပ်ကမ်းတားဆီးမှု အနေဖြင့် ၁၇-၈-၂၀၁၇ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Akari Min Trading Co., Ltd မှ ID No. 100036531560 (3-8-2017) ဖြင့် တင်သွင်းလာသော ပေါင်းသတ်ဆေး Lyphoxin 48SL (Glyphosate 480S/1SL) 4L/ Bottle kg=Liters 19682.57 kg (1 x40') အား ဖွင့်ဖောက်စစ်ဆေးရာ ကွဲလွဲပါရှိလာသော Saipora (350) SC (မှိုသတ်ဆေး) (6990) Liter , Sairifos (585) EC (ပိုးသတ်ဆေး) (7460) Liter ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၀) သန်းခန့်အား တွေ့ရှိ၍တားဆီးခဲ့ပါသည်။

**(ဂ) နယ်မြေ**

နယ်မြေတားဆီးမှု အနေဖြင့် (၅၄) မှုရှိ၍ ခန့်မှန်းတန်ဖိုးမှာကျပ် (၃၆၁.၆၁၂) သန်းခန့်ရှိသည့်အနက် ၂၀-၈-၂၀၁၇ ရက်နေ့တွင် မန္တလေးသို့ သွားရောက်မည့် Nissan UD Truck အမျိုးအစားယာဉ်အား (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးရာ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် တားဆီးရမိခဲ့ပြီး စစ်ဆေးရာ ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ် နိုက်ထရိုက်ဟုယူဆ ရသော မြေဆီအိတ် (1x40) Kg (200) Bags နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၉.၄)သန်းခန့်အားတွေ့ရှိ၍တားဆီးခဲ့ပါသည်။

**(ဃ) မိုဘိုင်းဖုန်း ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ (၁၅-၈-၂၀၁၇) မှ (၂၁-၈-၂၀၁၇) အတွင်း တားဆီး/ဖမ်းဆီး အရေးယူမှု အခြေအနေ**

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်း နှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၁၆.၅၂၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၉၈.၇၃၅ သန်း |
| | **စုစုပေါင်း** | **-** | **၅မှု** | **၅ မှု** | **၁၁၅.၂၆၀ သန်း** |

၂။ အကောက်ခွန်ဦးစီးဌာန၏ (၁-၄-၂၀၁၇) ရက်နေ့မှ (၂၁-၈-၂၀၁၇) ရက်နေ့အထိ မိုဘိုင်း ဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု များအနေဖြင့် ရန်ကုန် လေဆိပ် ၊ ဆိပ်ကမ်းနှင့် နယ်မြေဒေသများမှ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၁၀၆) မှု ၊ ခန့်မှန်း တန်ဖိုးကျပ် (၁၅၇၇.၇၁၉) သန်းခန့် အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။



Wire Binder, Insert CNMG, Insert CAMPT 1603 PDER for shell end mill, Insert CNMG တားဆီးမှု မှတ်တမ်းဓါတ်ပုံ




Saipora (မှိုသတ်ဆေး) , Sairifos (ပိုးသတ်ဆေး) တားဆီးမှု မှတ်တမ်းဓါတ်ပုံ




အမိုနီယမ် နိုက်ထရိုက်ဟုယူဆ ရသော မြေဆီအိတ် တားဆီးမှု မှတ်တမ်းဓါတ်ပုံ